# မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက် တိုက်ခိုက်မှု အခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၆)

(၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်)

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက် တိုက်ခိုက်မှု အခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်

၁။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ မောင်တော မြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)၊ ကိုးတန်ကောက် ရဲကင်း စခန်းနှင့် ငါးခူရနယ်မြေရုံးများသို့ အကြမ်းဖက်သမားများက အလစ်အငိုက် ရယူ၍ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပါသည်။ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှု ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၉ ဦး ကျဆုံးခဲ့ပြီး လက်နက်မျိုးစုံ ၄၈ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊ လုံစွပ် ၄၇ ချောင်း၊ ကျည်အိမ် ၁၆၄ ခု ဆုံးရှုံးခဲ့ရပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံမှုကြောင့် အကြမ်းဖက်သမား ၈ ဦး၏အလောင်းများ ရရှိခဲ့ပြီး ၂ ဦးအား

အရှင် ဖမ်းမိခဲ့ပါသည်။ ၎င်းတို့ထံမှ လုပ်သေနတ်ပစ္စတို ၁ လက်၊ ၎င်းကျည် ၂ တောင့်နှင့် ကျည်အိမ် ၁ ခု သိမ်းဆည်းရမိခဲ့ပါသည်။

၂။ ယူဆောင်သွားသော လက်နက်ခဲယမ်းများနှင့် အကြမ်းဖက်သမားများသည် မောင်တောခရိုင် အတွင်း လှည့်လည်သွားလာ၍ အကြမ်းဖက်မှုများဆက်လက်လုပ်ဆောင်လာခဲ့ရာ တပ်မတော် တပ်ရင်း တပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပူးပေါင်း၍ အကြမ်းဖက်တိုက်ဖျက်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းစစ်ကြောင်းများက အကြမ်းဖက် သမားများ ခိုအောင်းနေထိုင်ရာဒေသများတွင် နယ်မြေရှင်းလင်းမှုဆိုင်ရာ စစ်ဆင်ရေးများဆင်နွှဲခဲ့ရာ အကြမ်းဖက်သမားများနှင့် မကြာခဏထိတွေ့မှုများ ဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်အထိ တပ်မတော်သား ၅ ဦး အသက်ပေးလှူခဲ့ရပါသည်။

၃။ ဖမ်းဆီးရမိသော အကြမ်းဖက်သမား ၂ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြန်လည်လွှဲပြောင်း ပေးခဲ့သည့် အကြမ်းဖက်သမား ၂ ဦးတို့ကို ပဏာမစစ်ဆေးဖော်ထုတ်ချက်အရ မောင်တောမြို့နယ် အတွင်း ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများသည် ပြည်ပမှ ငွေကြေးထောက်ပံ့မှု၊ ပြည်ပ အကြမ်းဖက် အဖွဲ့အစည်းဝင်များ၏ ပံ့ပိုးမှုကူညီမှုတို့ဖြင့် အချိန်ယူကာ စနစ်တကျ ကြိုတင်ဆောင်ရွက်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် ၎င်းဒေသတွင် အများစုရောက်ရှိ နေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက်အကြမ်းဖက်ဝါဒ တိုးမြင့်လာစေ ရန် အချိန်ယူ၍ စည်းရုံးသိမ်းသွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ် ရရှိခဲ့ပါသည်။ မောင်တောဒေသကို ခြေကုတ်ယူ၍ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်း အားထုတ်ခဲ့ခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံအချို့ရှိ အစွန်းရောက်ပုဂ္ဂိုလ်များ၏ ငွေကြေးပံ့ပိုးမှု အလုံးအရင်း ရယူခဲ့ခြင်းဖြစ်ပါသည်။ ငွေကြေးများ ထောက်ပံ့မှုပြုရာတွင် အဖွဲ့အစည်းအလိုက်

ဆောင်ရွက်ခြင်း မပြုဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်းဆက်သွယ်မှုဖြင့် လျှို့ဝှက်ဆောင်ရွက်ခဲ့ခြင်း ဖြစ် ကြောင်း ဖော်ထုတ်ရရှိခဲ့ပါသည်။

၅။ မောင်တောဒေသ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွယ်သော မောင်တောဒေသတွင် လှုပ်ရှားသည့် Aqa Mul Mujahidin (အကာလ်မူလ် မူဂျာဟီဒင်န်) အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။ ၎င်းအဖွဲ့ကို ဦးဆောင်သူမှာ မောင်တောမြို့နယ်၊ ကျောက်ပြင်ဆိပ်ကျေးရွာနေ ဘာသာရေး၊ လူမျိုးရေး အစွန်းရောက် တစ်ဦးဖြစ်သည့် ဟာဖစ်တူဟာရ် ဖြစ်ကြောင်း၊ အသက် ၄၅ နှစ်ခန့်ရှိသည့် ဟာဖစ်တူဟာရ်သည် ပါကစ္စတန်နိုင်ငံရှိ တာလီဘန်များထံ ၆ လ သင်တန်းတက်ရောက်ခဲ့သူဖြစ်ပြီး ၎င်း၏အစ်မ ၄ ဦးနှင့် အစ်ကို ၁ ဦးတို့မှာ ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် နေထိုင်လျက်ရှိကြောင်း၊ ဟာဖစ်တူဟာရ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနာ့ဖ်အနီးရှိ ကျေးရွာတစ်ရွာတွင်လည်း သွားရောက် နေထိုင်လေ့ရှိပြီး ဒုက္ခသည်အမည်ခံ၍ အရှေ့အလယ်ပိုင်းနိုင်ငံများရှိ အဖွဲ့အစည်းများထံမှ ငွေကြေး ထောက်ပံ့မှုများ ရယူလျက်ရှိကြောင်း၊ ၎င်းနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသူများမှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံနေ ငါးခူရကျေးရွာတွင် ရောက်ရှိနေသော ပါကစ္စတန်နိုင်ငံသား ခါလစ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကူတာပါလောင်ဒုက္ခသည်စခန်းတွင်နေထိုင်သော အီဗရာဟိန်း၊ အဇာ၊ အာရပ်တူလာ၊ နီလာဒုက္ခသည် စခန်းတွင် နေထိုင်သော ဖူဘိုင်၊ အစ္စလာမ်ဆိုသူအပါအဝင်(၁၂)ဦးဖြစ်ကြောင်း၊ ခါလစ်သည် ပါကစ္စတန် နိုင်ငံတွင် အကြမ်းဖက်သင်တန်းတက်ရောက်ထားသူ တစ်ဦးဖြစ်ပြီး မြန်မာ၊ ဘင်္ဂလီ၊ ရခိုင်၊ မလေး၊ ပါကစ္စတန်နှင့် အင်္ဂလိပ်ဘာသာစကားများ ကျွမ်းကျင်စွာပြောဆိုနိုင်ကြောင်း၊ ၎င်းတို့သည် လွန်ခဲ့သော (၅) လခန့်မှစ၍ ဟာဖစ်တူဟာရ်၏ အစီအစဉ်ဖြင့် မောင်တောဒေသသို့ ဝင်ရောက်လာပြီး ဟာဖစ် တူဟာရ် စည်းရုံးထားသော ဒေသနေအစွန်းရောက်လူငယ်များကို အကြမ်းဖက် သင်တန်းများ ပေးခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်ရရှိပါသည်။

၆။ ငါးခူရအလယ်ရွာတွင် အဓိက စည်းရုံးလှုပ်ရှားခဲ့သူများဖြစ်သော ငါးခူရကျေးရွာနေအဒူရာမန်၊ မူနက်၊ ကာဖိုက်တူလာ၊ အာကစ်တို့(၄)ဦး သည်လည်း RSO စစ်သင်တန်းတက်ရောက်ပြီးသူများဖြစ် ကြောင်း၊ ဟာဖစ်တူဟာရ်၊ ခါလစ်နှင့် ကျီးကန်းပြင်စခန်းအားတိုက်ခိုက်ရာတွင်ဦးဆောင်သူ မောင်နမ ကျေးရွာနေ မာဘူယာ တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒုက္ခသည်စခန်းမှ ဝင်ရောက်လာသည့် အကြမ်းဖက် အဖွဲ့ဝင် ၁၂ ဦးနှင့်ပေါင်း၍ မောင်တောမြို့နယ်၊ ဖားဝပ်ချောင်းကျေးရွာ၊ အလယ်သံကျော်ကျေးရွာနှင့် ငန်းချောင်းကျေးရွာတို့တွင်ခါးပြတိုက်ခဲ့ဘူးကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။

၇။ ဟာဖစ်တူဟာရ်နှင့် အဖွဲ့သည် မောင်တောဒေသအတွင်းရှိ အစွန်းရောက်လူငယ်များကို စည်းရုံး သိမ်းသွင်းကာ တောတွင်းနှင့် တောင်ပေါ်လူသူအရောက်အပေါက်နည်းသည့် နေရာများတွင် လည်းကောင်း၊ ငါးခူရအလယ်ကျေးရွာရှိ အဒူရာမန်၏ နေအိမ်ခြံဝင်းအတွင်းတွင် လည်းကောင်း၊ ကျောက်ပြင် ဆိပ်ကျေးရွာအနီး တောတွင်းတွင်လည်းကောင်း သေနတ်ပစ်သင်တန်းနှင့် ကိုယ်ခံပညာ သင်တန်းများကို တိတ်တဆိတ်သင်ကြားပေးခဲ့ကြောင်း၊ ၎င်းနောက် အကြမ်းဖက် တိုက်ခိုက်မှုများ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။

၈။ ဟာဖစ်တူဟာရ်သည် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)ကို မာဘူယာ ဦးဆောင်၍ အကြမ်းဖက်သမားအင်အား ၁၀၀ ဦးခန့်ဖြင့်လည်းကောင်း၊ ငါးခူရနယ်မြေစခန်းကို ခါလစ်နှင့် အဒူရာမန် ဦးဆောင်၍ အကြမ်းဖက်သမား အင်အား ၁၀၀ ဦးခန့်ဖြင့်လည်းကောင်း၊ ကြိမ်ချောင်း နယ်မြေစခန်းကို ဝါကာဒ်စ် ဦးဆောင်၍ အကြမ်းဖက်သမား အင်အား ၅၀ ဦးခန့်ဖြင့် လည်းကောင်း၊ ကျောက်လှေကားနယ်မြေစခန်းကို အာဇာ ဦးဆောင်၍ အကြမ်းဖက်သမား အင်အား ၅၀ ဦးခန့်ဖြင့်လည်းကောင်း၊ ရွက်ညိုတောင်နယ်မြေစခန်းကို ရော်ပိုင် ဦးဆောင်၍

အကြမ်းဖက်သမား အင်အား ၅၀ ဦးခန့်ဖြင့်လည်းကောင်း၊ ကိုးတန်ကောက်ရဲကင်းစခန်းကို အဘူကူးမား ဦးဆောင်၍ အကြမ်းဖက်သမားအင်အား ၁၂ ဦးခန့်ဖြင့်လည်းကောင်း၊ အကြမ်းဖက်သမား အင်အား ၄၀၀ နီးပါးဖြင့် နေရာ ၆ နေရာကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကြမ်းဖက် တိုက်ခိုက်ရန် စီစဉ်ခဲ့သော်လည်း ကျီးကန်းပြင် ဌာနချုပ်၊ ငါးခူရနယ်မြေစခန်းနှင့် ကိုးတန်ကောက်ရဲကင်းစခန်း စုစုပေါင်း(၃)နေရာ ကိုသာ အောက်တိုဘာလ ၉ ရက်နေ့တွင် တိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စခန်းများကို တိုက်ခိုက် ပြီးနောက် ရဲတပ်ဖွဲ့ဝင်များကို သတ်ဖြတ်ပြီး လက်နက်များနှင့် ပစ္စည်းများရယူရန်၊ ရရှိသည့် လက်နက်များဖြင့် အနီးပတ်ဝန်းကျင်ရှိ တပ်မတော်နှင့် ရဲတပ်ဖွဲ့စခန်းများအား ဆက်လက်တိုက်ခိုက်ရန် ဟာဖစ်တူဟာရ် က ညွှန်ကြားထားကြောင်း၊ ဝင်ရောက်တိုက်ခိုက်မှုမပြုလုပ်မီ အဖွဲ့ခေါင်းဆောင်များမှ အကြမ်းဖက်အဖွဲ့ဝင်များကို တိုက်ခိုက်မည့် အစီအမံအား စနစ်တကျ ရှင်းလင်းခဲ့ကြောင်း သိရှိရပါသည်။

၉။ Aqa Mul Mujahidin (အကာလ်မူလ် မူဂျာဟီဒင်န်) အဖွဲ့သည် ကမ္ဘာအနှံ့ရှိ အကြမ်းဖက် တိုက်ခိုက်မှုများတွင် ဆောင်ရွက်လေ့ရှိသည့် နည်းဗျူဟာများအတိုင်း ပြည်ပငွေကြေး ထောက်ပံ့မှု (အရှေ့အလယ်ပိုင်းရှိမောင်တောဒေသအနွယ်)၊ အကြမ်းဖက်တိုက်ခိုက်မှုစစ်သင်တန်း (ပါကစ္စတန်-တာလီဘန်၊ ဘင်္ဂလားဒေ့ရှ်-RSO) စသည်တို့ဖြင့်စတင်၍ ပဋိပက္ခဖြစ်ပွားခဲ့သော မောင်တောဒေသ အတွင်းရှိ အစွန်းရောက်လူငယ်များကို ဘာသာရေးအရ စည်းရုံးဆောင်ရွက်သောနည်းဗျူဟာကို ကျင့်သုံးဖော်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ အစ္စလာမ်ဘာသာဝင် အများစုနေထိုင်ရာ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်ရယူပြီးနောက် ပြည်ပထောက်ခံမှု၊ ငွေကြေးပံ့ပိုးမှုများ မြင့်တက် လာစေရန်၊ ပြည်တွင်း၊ ပြည်ပမှဘာသာရေး အစွန်းရောက်များ ပူးပေါင်းပါဝင်လာစေရန်အတွက် တာလီဘန်၊ အယ်လ်ကိုင်းဒါး၊ ISIS စသည့် အကြမ်းဖက် အဖွဲ့အစည်းများ၏ နည်းနာအတိုင်း အင်တာနက်နှင့် လူမှုကွန်ရက်များတွင် ဗီဒီယိုဖိုင်များလွှင့်တင်ကာ ဝါဒဖြန့်ချိလျက်ရှိကြောင်း စစ်ဆေး ဖော်ထုတ်ရရှိခဲ့ပါသည်။

၁၀။ လက်ရှိအချိန်တွင် ဟာဇစ်တူဟာရ် ဦးဆောင်သော အကြမ်းဖက်အဖွဲ့ငယ်သည် အစွန်းရောက် အကြမ်းဖက်သမား ၄၀၀ နီးပါးခန့်ဖြင့် မောင်တောဒေသအတွင်း အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်၊ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးတာဝန်များကို အင်အား အပြည့်အဝဖြင့် ဆောင်ရွက်လျက်ရှိရာ မကြာခဏဆိုသလို ထိတွေ့မှုများဖြစ်ပွားလျက် ရှိပါသည်။ တစ်ချိန်တည်းမှာပင် ပြည်တွင်း၊ ပြည်ပရှိ အကြမ်းဖက်အဆက်အသွယ်များ၊ အကြမ်းဖက် အားပေးသူများကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပြီး ထပ်မံရရှိသည့် သတင်းအချက်အလက်များကို ပြည်သူအများ သိရှိစေရန် ဆက်လက် ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

၁၁။ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် ပြည်ပရှိ အကြမ်းဖက်အဖွဲ့စည်းများ၊ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှုများရယူကာ အချိန်ယူပြင်ဆင်ပြီး စနစ်တကျ စီစဉ် ဆောင်ရွက်ခဲ့သောအကြမ်းဖက်မှုဖြစ်ပါသည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံတော်၏ အမျိုးသား လုံခြုံရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် လုံခြုံရေးတို့ကို ထိခိုက်ဖျက်ဆီးရန် ကြိုးပမ်းဆောင်ရွက်လာခြင်း ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများ၊ အကြမ်းဖက် တိုက်ခိုက်ရန် ကြိုးပမ်းဆောင်ရွက်မှုများ စသည်တို့ အားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနှင့် အခြားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ တည်ဆဲဥပဒေ များနှင့်အညီ ထိထိရောက်ရောက် ကာကွယ်၊ တုံ့ပြန်ချေမှုန်း တိုက်ဖျက်သွားမည်ဖြစ်ပါသည်။ မောင်တောဒေသ အကြမ်းဖက် တိုက်ခိုက်မှုသာမက မည်သို့သော အကြမ်းဖက်တိုက်ခိုက်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်း အားထုတ်ခြင်းမှန်သမျှကို ထိထိရောက်ရောက် တုံ့ပြန်ချေမှုန်း သွားမည် ဖြစ်ပါသည်။ အကြမ်းဖက်သမားများ၏ နောက်ကွယ်မှကြိုးကိုင်စီစဉ်သူများ၊ တိတ်တဆိတ်

ပံ့ပိုးကူညီသူများ၊ အကြမ်းဖက်အားပေးသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ အားလုံးကို လည်း ဆက်လက် စုံစမ်း ဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက် သွားမည် ဖြစ်ပါသည်။ ၄င်းအပြင် ဖြစ်ပွားနေသော အကြမ်းဖက်တိုက်ခိုက်မှုများကို အခွင့်ကောင်းယူ၍ ပြည်သူများအကြား ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခနှင့် မတည်မငြိမ်မှုများ ဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်သူများ၊ သွေးထိုး လှုံ့ဆော်ရန် ကြိုးပမ်းသူများကိုလည်း ဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူသွားမည် ဖြစ်ပါသည်။

၁၂။ သို့ပါ၍ နိုင်ငံသူနိုင်ငံသားများအနေဖြင့် လက်ရှိနိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် အခြေအနေများကို သိရှိနားလည်ပြီး အကြမ်းဖက်အန္တရာယ်ကို သတိဖြင့် ဂရုပြုကြရန်၊ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ဘာသာရေး၊ လူမျိုးရေး သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းမပြုကြရန်၊ အခြား ဒေသများသို့ ပဋိပက္ခများ ကူးစက်ဖြစ်ပွားခြင်း မရှိစေရေး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက် ပေးကြရန်၊ ဘာသာရေး၊ လူမှုရေးခေါင်းဆောင်များ အနေဖြင့်လည်း ပဋိပက္ခများ မဖြစ်ပေါ်စေရေး တတ်နိုင်သမျှ ဝိုင်းဝန်းထိန်းသိမ်းကူညီကြရန်၊ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် သတင်း ထုတ်ပြန်အပ်ပါသည်။

.................................................................................................................

Press release regarding the attacks on the Border Guard Police posts in Maungdaw Township- 13th October 2016- English translation

Press release regarding the attacks on the Border Guard Police posts in Maungdaw Township- 13th October 2016- English translation

1. On the morning of 9th October 2016, armed attackers carried out a surprise attack on Kyikanpyin Border Guard Police (Number One) Headquarters, Kotankauk Police Outpost, and Ngakhuya Local Police Office. As a result of this attack, 9 members of the Myanmar Police Force were killed, and 48 weapons of various types and 6624 rounds of assorted ammunition, 47 bayonets, and 164 magazines were lost. Following the defensive actions of the police, the bodies of 8 attackers were found, and 2 attackers were captured alive. From them, 1 homemade pistol, 2 rounds of ammunition, and 1 magazine were recovered.

2. The armed attackers, with the weapons and ammunition they had seized, continued to move around the Maungdaw District and carry out attacks. Tatmadaw infantry units together with members of the Myanmar Police Force have carried out joint combat operations against the attackers. Joint columns of Tatmadaw and police have conducted clearance operations in the areas where the attackers are hiding. During these operations they have had frequently come into armed contact with the attackers. So far, five members of the Tatmadaw have given their lives.

3. According to the initial findings of the interrogations of the two attackers who were captured and two additional attackers whom Bangladesh handed over to Myanmar, the attacks in Maungdaw Township were systematically planned in advance over a long period of time, assisted by foreign funding and the support of members of foreign terrorist organisations.

4. According to the findings of the interrogations, the attacks in Maungdaw were intended to promote extremist violent ideology among the majority Muslim population in the area. Using Maungdaw as a foothold, this was an attempt to take over the areas of Maungdaw and Buthitaung. For this, they received significant

financial support from extremist individuals in some Middle Eastern countries. This funding was not provided by particular organisations, but was provided secretly through contacts between individuals.

5. Interrogations have revealed that the attacks in Maungdaw were carried out by the Aqa Mul Mujahidin organisation which is active in Maungdaw, and which is linked to the RSO armed organisation. The leader of this organisation is Havistoohar, a religious and social extremist aged around 45 years old, of Kyaukpyinseik village in Maungdaw Township. He previously attended a six-month Taliban training course in Pakistan, and he has 4 sisters and 1 brother living in Saudi Arabia. Assuming the identity of a refugee, he frequently went to stay in a village near Teknaf in Bangladesh, from where he received funding from organisations based in the Middle East. Among those he worked with were: a Pakistani citizen called Kalis who came to NgaKuRa village after living in Bangladesh; Ibrahim, Aza, and Ayatullah who lived in Kutabaloun refugee camp in Bangladesh; and 12 men living in Nila refugee camp including individuals called Zubaid and Islam. Kalis previously attended a terrorist training camp in Pakistan, and he speaks Myanmar, Bengali, Arakan, Malay and Pakistani languages fluently. Around five months ago, through the arrangement of Havistoohar, Kalis came to Maungdaw and began delivering armed training classes to local extremist youths recruited and mobilised by Havistoohar.

6. The four main instigators in Middle NgaKuRa village, called Abdul Rahman, Munet, Kapiktulah and Akis, had all attended an RSO training course. Havistoohar, Kalis, Mabuya of Maungnama Village (who led the attack on Kyikanpyin), together with 12 attackers who had come from a refugee camp in Bangladesh, had carried out robberies in the villages of Pha Wut Chaung, Ale Than Kyaw and Nga Chaung in Maungdaw Township.

7. According to the findings of the interrogations, Havistoohar and his organisation mobilised extremist youths in the Maungdaw area. They secretly ran weapons training and self-defence training in remote locations in the hills and forests, as well as in the compound of Abdul Rahman in the Middle Nga Ku Ra village, and in the forest near Kyauk Pyin Seik village. Following this, plans were drawn up to carry out violent attacks.

8. Havistoohar had planned for a total of around 400 attackers to simultaneously launch attacks on 6 separate locations: Mabuya would lead around 100 attackers against Kyikanpyin Border Guard Police (Number One) Headquarters; Kalis and Abdul Rahman would lead around 100 attackers against Ngakhuya Police Local Office; Wadif would lead around 50 attackers against Kyain Chaung Local Police

Office; Aza would lead around 50 attackers against Kyauk Hlay Kar Local Police Office; Raw Paing would lead around 50 attackers against Ywet Nyo Taung Local Police Office; and Abu Kumar would lead around 12 attackers against Kotankauk Police Outpost. However, on 9th October they were only able to attack three locations: Kyikanpyin, Kotankauk, and Ngakhuya. Havistoohar had instructed that after attacking the bases, the attackers should murder the members of the police, take their weapons and equipment, and use those weapons in further attacks on nearby Tatmadaw and police bases. Before the attacks took place, the organisation leaders systematically explained to the attackers the plan of attack.

9. The Aqa Mul Mujahidin organisation deployed tactics often used in violent armed attacks around the world: receiving foreign funding (from those originally from Maungdaw but now in the Middle East); attending terrorist training courses (delivered by the Taliban in Pakistan, and RSO in Bangladesh); and using religion to mobilise extremist youth in Maungdaw. According to their plan, they intended to take over the majority-Muslim areas of Buthitaung and Maungdaw, and to spread propaganda through disseminating video files on the internet and via social networks, in line with the methods of terrorist organisations such as the Taleban, Al Qaeda and ISIS, in order to attract greater foreign support and funding and encourage the cooperation and participation of domestic and foreign religious extremists.

10. At present, the small armed organisation led by Havistoohar is still attempting to carry out continued attacks in the Maungdaw area with a strength of almost 400 extremist armed attackers. Members of the Myanmar Police Force are taking responsibility for security and rule of law, and Tatmadaw military columns have responsibility for clearance operations. The police and the Tatmadaw are carrying out these responsibilities at full strength. In doing so, they are frequently coming into armed contact with the attackers. At the same time, investigations are continuing into domestic and foreign terrorist links and supporters of terrorism. Further news will continue to be released as it is received, so as to keep the general public informed.

11. The attacks in Maungdaw were systematically planned and prepared over a long period of time with the support and assistance of foreign terrorist organisations and supporters of terrorism. These attacks were an attempt to attack and destroy the security of the nation, and the lives, property and security of the citizens of the country. We will take effective action to defend against, respond to and defeat all armed violent attacks and attempted attacks, in accordance with the Constitution, the anti-terrorism law, and other existing laws relating to security and

defence. Not only the attacks in Maungdaw, but all violent attacks or attempted attacks will be responded to effectively, and defeated. We will continue to investigate and identify those controlling and organising the armed attacks from behind the scenes, those who are secretly providing funding, and all organisations and individuals that support armed attacks, and we will take effective action against them. Furthermore, we will take strong action in line with the law against those who try to take advantage of these attacks by instigating or attempting to instigate religious or social conflicts and unrest between communities.

12. We call on our citizens to understand the actions of the government, and to be aware and pay attention to the danger of violent attacks. We call on our citizens to work together with responsible persons to prevent instigation on religious or social grounds within your communities, and to prevent the spread of conflict to other areas. We ask religious and community leaders to make every effort to work together to help to prevent the emergence of conflicts. And we ask our citizens to cooperate with the government for the sake of national security and the defence of the Union.